ဘုတ်ကျေးရွာ

သရက်ချောင်းမြို့နယ်၊ထားဝယ်ခရိုင်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝိန်းတောကျေးရွာ၊သရက်ချောင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဘုတ် ကျေးရွာ သယံဇာတပြန်လည်ပုံ၊ သရက်ခေျာင်းမြို့နယ်	၄
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၅
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၅
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၅
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၆
	(ဂ) ငါးလုပ်ငန်း	၇
	(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၇
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၇
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၈
၆။	**ပညာရေး**	၈
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၉
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၄၈
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၄
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၅၆
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၅၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲ ထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည် ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသောကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရ ရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိ နိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင် ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မေလ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘုတ်ကျေးရွာ၊သရက်ခေ ာင်းမြို့နယ်

ဘုတ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်ချောင်းမြို့နယ်



ဘုတ်ကျေးရွာ ရာသီခွင်ပြ ပြကွဒိန်၊ သရက်ချောင်းမြို့နယ်



ဘုတ်ကျေးရွာ လူမှုဆက်သွယ်မှုပုံစံ၊ သရက်ချောင်းမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘုတ်ကျေးရွာသည် ကတွဲကျေးရွာအုပ်စု၊ သရက်ချောင်းမြို့နယ်တွင် ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်း (၁၂၀) ကျော်ခန့်ကပင် တည်ရှိနေသော ရွာတစ်ရွာ ဖြစ်ပါသည်။ အနောက်တောင်ဘက်တွင် ထားဝယ်မြစ်တို့ နှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ကျေးရွာ၏အနောက်ဘက်တွင် ထားဝယ်မြစ်စီးဆင်းနေပြီး လောင်းလုံးမြို့နယ် နယ်နိမိတ်ကို ထိုမြစ်ကခြားနားထားပါသည်။ ဘုတ်ကျေးရွာသည် ပထဝီဝင် အနေအထားအရ တောင်ကုန်း၊ တောင်တန်းပေါများသော ရွာတစ်ရွာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဘုတ်ကျေးရွာသည်ပူ၍မိုးများသောအပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့် ဒေသ အတွင်းတည်ရှိပါသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ရွာတွင် ရာဘာတော၊ ကွမ်းသီးတောများ စိုက် ပျိုးထုတ်လုပ်ကြပါသည်။ အခြားသောသတ္တု၊ ကျောက်မျက်၊ ခဲ စသည့် သယံဇာတတွင်း ထွက်များ မှာ အလွန်ပင်ရှားပါးလှပါသည်။ ထိုသို့ သယံဇာတတွင်းထွက်များ မရှိသဖြင့် ကျေးရွာရှိအိမ်ထောင်စု တစ်စုချင်းစီ၏ ဝင်ငွေဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အစစအရာရာနှောင့်နှေးနေပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဘုတ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၅) အိမ်ရှိပြီး လူဦးရေပေါင်း (၁၈၁) ဦး ရှိပါသည်။ ဘုတ် ကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် ပြည်ထောင်စုလမ်းမကြီး နဘေးတွင်ရှိသော ကြောင့် တိုးတက်မှုရှိနေသော ရွာတစ်ရွာပင်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ် ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ မိန်းမကြီးအဖွဲ့၊ ကာလသား/ ကာလသမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြ ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ဖြစ်သော World Vision အဖွဲ့အစည်းသည် ကျေးရွာသူ/ သားများ၏ ငွေကြေးကဏ္ဍ၊ကျန်းမာရေးကဏ္ဍများအတွက် လိုအပ်သော အထောက်အပံ့များ၊ချေးငွေများကို ဆောင်ရွက်ပေးနေပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိပါသည်။ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဘုတ်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၀၀.၅) ဧက၊ ၊ ဥယျာဉ် ခြံမြေ (၃၈၀.၅၀) ဧကနှင့် ခနိတောမြေ (၈၀.၅) ဧက စုစုပေါင်း (၇၆၁.၅) ဧက ရှိပါသည်။ ၂.၅ ဧက အောက် ဆင်းရဲသားတောင်သူ (၂၀၀) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၃၀၀) အိမ်ထောင် စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၀၀) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၈၀)အိမ်ထောင်စုနှင့် မြေယာမဲ့တောင်သူ(၂၀)အိမ် ထောင်စုစသည်တို့ရှိကြပြီး အဓိက အားဖြင့် ဥယျာဉ်ခြံလုပ်ငန်းကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၃၃.၃၃%)ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ် ကိုင် နေကြပါသည်။ စီးပွားရေးအနေဖြင့် သင့်တင့်မျှတကောင်းမွန်သော ရွာတစ်ရွာ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း ကိုအခြေခံသောရွာတစ်ရွာဖြစ်သော်လည်း ရွာ၏ဝမ်းစာဖူလုံမှုအတွက်သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါ ကျရောက်ခြင်းများရှိနေပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာမိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက် နှုန်းမှာ တစ်ဧက ပျမ်းမျှ(၄၅)တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦး ချင်းပိုင်လက်တွန်းထွန်စက်(၁၂) စီးရှိပြီးနှင့် မြက်ရိတ်စက်(၃၁)လုံး ရှိပါသည်။ကိုယ်ပိုင်စက်ကိရိယာ မရှိ သူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန်သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုး သတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း မြို့နှင့် အလှမ်းမဝေး သဖြင့် လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှ တဆင့်ရောင်းချနိုင် ကြပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာသုံးစွဲနေပါသည်။ စိုက်ပျိုးမြေ များတွင် ဆားငန်ရောင် ရောက်မှုရှိသဖြင့် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ မလုံလောက်ခြင်းများရှိနေပါသည်။ ပိန်းတောကျေးရွာတွင် သီးနှံထုတ်လုပ် မှုအတွက် ပြဿနာများမှာမြေအရည်အသွေးမကောင်းခြင်း၊ စိုက်ပျိုးနည်းစနစ်အတိုင်း လိုက်ပါလုပ်ဆောင် နိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးရေ အရင်းအမြစ် အလွယ် တကူမရရှိနိုင်ခြင်း၊ အထွက်ကောင်း သီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ ပိုးမွှားရောဂါ ကျရောက်မှု အနည်းငယ်ရှိခြင်းဥယျာဉ်ခြံစိုက်ပျိုးသူများအတွက် ချေး ငွေမရရှိနိုင်ခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေး နည်းပညာပေးသင်တန်း၊ ပိုးမွှား ရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဘုတ်ကျေးရွာတွင် အိမ်ထောင်စု(၁၁)အိမ်မှ ကြက်(၁၂၀)ကောင် စသည်ဖြင့် စီးပွားဖြစ် မွေးမြူသည့် အိမ်ထောင်စု တစ်စုရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ရေငန်ငါးဖမ်းခြင်း (ဝါလတ်လေ့လုပ်သား) လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ် ရှိပါသည်။ စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်ကြရန်အတွက် မွေးမြူရေးနည်းပညာနှင့် ပတ်သက် သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြပါသည်။

(ဂ) ငါးလုပ်ငန်း

ဘုတ်ကျေးရွာမှ အိမ်ထောင်စုများသည် ကျေးရွာအနောက်ဘက်တွင် စီးဆင်းနေသော ထားဝယ်မြစ်အတွင်းတွင် ဖောင်၊စက္ခုံးများဖြင့် ကမ်းနီးငါးဖမ်းလုပ်ငန်းကိုသာလုပ်ကိုင်ကြပါသည်။ ထိုငါးဖမ်းလုပ်ငန်းမှ သားငါးများသည် ကျေးရွာ၏ စားနပ်ရိက္ခာဖူလုံမှုအတွက်သာ ရရှိပြီး အခြားနေရာ များသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဘုတ်ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ စျေးရောင်း၊ လက် ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင် ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်စသည့် လယ်ယာ လုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည် ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည်များ သယ်ယူပို့ဆောင်စရိတ် ကြီးမားသော ကြောင့် အသားတင် အမြတ်ငွေနည်းပါးပါသည်။ ထို့ကြောင့်ဆန်စပါးများ ရောင်းချလိုသည့်အခါ အခြားနီးစပ်ရာကျေးရွာများရှိ ဆန်ကုန်သည်များနှင့် ရောင်းချနေကြရပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘုတ်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင် များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလို အပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၅-၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်းများ မလိုအပ်ပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာ ရေး၊ ပညာရေး)တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေ လိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစု စားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများအတွက် မှီခို အဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဘုတ်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ နှင့် ကားများကိုသာ အဓိကထား အသုံးပြုကြပါသည်။ ထားဝယ်-မြိတ်ကားလမ်းမကြီး ဖောက်လုပ် ပြီးစီးသည့် အချိန်မှစ၍ ကုန်းလမ်းခရီးကို ပိုမိုအသုံးပြုနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဘက်ဘက်မှ မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင်

အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက် အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း၊ ကျောက်ခဲလမ်းများ ဖြစ်ကြသည်။ ကျေးရွာတွင်း လမ်းများသည် မိုးရာသီတွင်သွားလာရ ခက်ခဲခြင်း၊ ဗွက်ထခြင်းများ ဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်လိုခြင်း၊ စာသင် ကျောင်းမှပိန်းတောရွာအတွင်းရှိပြီးမြေသားလမ်း ဖြစ်နေသည့် အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လိုခြင်း ပြုလုပ်လို ကြပါသည်။ ကျေးရွာချင်းဆက် လမ်းတွင် ရေပြွန် တံတား (၃) စင်းရှိပြီး အရည်အသွေးမှာကောင်းမွန်မှုရှိကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ဘုတ်ကျေးရွာတွင် ကျေးရွာမီးလင်းရေးအနေဖြင့် လျှပ်စစ်မီးသုံးစွဲမှု အိမ်ခြေမှာ(၆၅၀) အိမ်ခန့်ရှိပါသည်။ ကျန်အိမ်ခြေ(၅၀)အိမ်မျှသာ လျှပ်စစ်မီးအသုံးမပြုနိုင်ပါ။ လျှပ်စစ်မီးရရှိပါသော ကြောင့် ကျေးရွာအတွင်း ကျောင်းသား/သူများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့်တို့ကို အထောက်အပံ့ ပေးနိုင်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဘုတ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၇၀၀)လုံး၊ ရေဒီယို (၁၅) လုံး၊ တီဗွီ (၆၀၀) လုံး၊ ဂြိုလ်တုစလောင်း (၆၀၀)လုံး စသည်တို့မှ ရရှိသော်လည်း အင်တာနက်လိုင်းမှာ အသုံးပြုရ နှေးကွေးပါသည်။

၆။ ပညာရေး

ဘုတ်ကျေးရွာပိုင်မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီးနီးစပ်ရာ သရက်ချောင်းမြို့ မကျောင်းတွင်အလယ် တန်းနှင့်အထက်တန်းအဆင့်များကိုဆက်လက်ပညာသင်ယူနိုင်ပါသည်။ တက္က သိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရာခိုင်နှုန်း အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အသက်ကြီး ပိုင်းစာမတတ်သူတစ်ချို့ရှိပါသည်။ ဘွဲ့ရသူဦးရေ(၇၅)ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်း ပညာပြီးမြောက်မှုမှာ ကျေးရွာရှိစုစုပေါင်းလူဦးရေ၏ (၃၄.၂၂%)၊ အလယ်တန်း ပညာပြီးမြောက်မှုမှာ (၂၅.၅၀%)ရှိပြီး၊ အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာလျော့နည်း လာပါသည်။ သို့သော် လည်း ယခင်ကာလများနှင့် နှိုင်းစာလျှင် ဘွဲ့ရဦးရေ များပြားလာသည်ဟု ဆိုနိုင်ပါသည်။ ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုးကာရံရန် လိုအပ်နေပြီး သောက်သုံးရေကို ဘုန်းတော်ကြီးကျောင်းမှ သွယ်ယူထားရသည့်အတွက် စာသင် ကျောင်းအတွင်း တွင် အဝီစိတွင်းတူးဖော်လိုကြပါသည်။

ဘုတ်ကျေးရွာတွင် ယခုလက်ရှိ မူလတန်းပညာသင်ကြားနေသော လူဦးရေမှာ (**၆၅**) ဦး၊ အလယ်တန်း ပညာသင်ကြားနေသူ(၆၇၀)ဦးနှင့် အထက်တန်းပညာသင်ကြနေသူ(၁၅၅)ဦးရှိပြီး ကျောင်း ဆရာ/ဆရာမ လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါး ပါသည်။ ကျောင်းအားကစား ဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဘုတ်ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိဝင်ဘာလတွင် ကျေးရွာရှိ ကလေး သူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျန်းမာရေး နှင့်ပတ် သက်၍ ရွာသူ/သားများသည် ကျေးရွာအတွင်းနေထိုင်သော ကျန်းမာရေးဆရာမကိုသာ မှီခိုနေရပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ ကျန်းမာရေးမကောင်းဖြစ်လာ လျှင် (၃) မိုင်ခန့်ဝေးသော သရက်ခေ ျာင်းမြို့သို့ သွားရောက်၍ ပြသရပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်ရှိသော်လည်း ဆေးများကို

စနစ်တကျသိုလှောင်ထားခြင်း အားနည်းပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် ထားဝယ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသမှု ခံယူကြရပါသည်။

ဘုတ်ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (**၁၅၀**) တွင်းနှင့် အဝီစိတွင်း/စက် တပ် (**၃**) တွင်း ရှိပါသည်။ နွေရာသီတွင် ရေခမ်းခြောက်မှုများ ရှိသဖြင့် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်သော စက်ရေတွင်းနှင့် ရေစင်တူးပြီး ကျေးရွာတွင် ရေပိုက်သွယ်တန်းခြင်းဖြင့် တစ်ရွာလုံးအနေဖြင့် ရာသီသုံးမျိုးလုံးတွင် သောက်သုံးရေ အလုံအလောက် ရှိအောင် ဖန်တီးထားပါသည်။

ဘုတ်ကျေးရွာတွင် ရွာလုံးကျွတ် သန့်ရှင်းသော အိမ်သာသုံးစွဲမှု ရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့်ပတ်သက်သော ရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြော ပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြ ပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘုတ်ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိ မှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုတက်ကြွစွာ ပါဝင်လုပ်ဆောင် လာမည်ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဘုတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာ ရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင် လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန်တိုးတက် ပြောင်းလဲ လာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၆၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၇၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုး သမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ် အရည် အသွေးကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီး များ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီး ရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိ သဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲ များပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်– ကတွဲ			ကျေးရွာအမည် – ဘုတ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုရေးနည်းပညာသင်တန်းများရရှိနိုင်ရန် ချိတ်ဆက်တင်ပြခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းရရှိရန် ချိတ်ဆက် လုပ်ဆောင်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	စက်ကိရိယာများ လုံလောက်စွာ ငှါးရမ်းခွင့်ရရှိရန်နှင့် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် ချိတ်ဆက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	စပါးရော်ဘာ/ ဈေးနှုန်းအရနည်းခြင်းနှင့် သက်ဆိုင်ရာမှထိန်း ညှိပေးစေလိုခြင်း။	
၅	မွေးမြူရေးနှင့် ငါးလုပ်ငန်း / မွေးမြူရေး ဆေးပညာ	နည်းပညာ	တိရစ္ဆာန်မွေးမြူရေးဆိုင်ရာနည်းပညာသင်တန်းများ ပြုလုပ်ပေးခြင်း။	
၆	မွေးမြူရေးနှင့် ငါးလုပ်ငန်း / မွေးမြူရေး ဆေးပညာ	နည်းပညာ	မျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရန် ချိတ်ဆက်ခြင်း။	

ဘုတ်ကျေးရွာ၊ ကတွဲကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအောင်သင်	ဦးစပ်ဆိုင်	ဖ/သရခ(နိုင်) ၀၁၅၅၉၉		နာယက	၀၉-၇၈၈၀၇၂၀၇၂
၂	ဦးစိုးဝင်း	ဦးချစ်စန်း	ဖ/သရခ(နိုင်) ၀၄၀၇၆၂		ဥက္ကဋ္ဌ	၀၉-၇၇၆၆၉၅၇၆၇
၃	ဦးမျိုးလွင်	ဦးလှိုင်မျိုး	ဖ/သရခ(နိုင်) ၀၅၆၈၇၅		ဘဏ္ဍာရေးမှူး	၀၉-၄၉၂၇၆၉၃၂
၄	ဦးညွှန့်ရှိန်	ဦးမျိုး	ဖ/သရခ(နိုင်) ၀၂၅၆၉၇		စာရင်းကိုင်	
၅	ဒေါ်အမွှေး	ဦးပေါ	ဖ/သရခ(နိုင်)		အဖွဲ့ဝင်	
၆	ဒေါ်တင်သက်	ဦးညွှန့်လှိုင်	ဖ/သရခ(နိုင်)		အဖွဲ့ဝင်	
၇	ဒေါ်တင်စိန်	ဦးစိုးဝင်းထွန်း	ဖ/သရခ(နိုင်)		အဖွဲ့ဝင်	

ဦးစီးဌာန: ခြေဆန့် သတ်မှတ်ကြိုးစိုင်း:

ကစွဲလည်ပတ်သူအရေ အတွေ့အကြုံ

စဉ်	ဝန်ထမ်း အမည်	ရာထူး	ဝင်ရောက်ခဲ့သည့် နှစ်	(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)
၁	မောင်အောင်ကြည်	ခြိုးခြေဆင်းကြိုးကိုင်	၂၀၁၈	၁၀	၁၀	၁၀	၉	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၂	ဦးသန်းဝင်း	ခြိုးခြေဆင်းကြိုးကိုင်	၂၀၁၉	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၃	ကိုမြင့်ဇော်ထွန်း	ခြိုးခြေဆင်းကြိုးကိုင်	၂၀၂၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၄	ဒေါ်ခင်မေသီတာ	ခြိုးခြေဆင်းကြိုးကိုင်	၂၀၂၁	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၅	မောင်ဇော်လင်းထက်	ခြိုးခြေဆင်းကြိုးကိုင်	၂၀၂၂	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၆	ဦးကျော်ဇင်ဦး	ခြိုးခြေဆင်းကြိုးကိုင်	၂၀၂၃	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၇	မောင်ထွန်းလတ်	ခြိုးခြေဆင်းကြိုးကိုင်	၂၀၂၄	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၈	ဒေါ်သီရိမြတ်နိုး	ခြိုးခြေဆင်းကြိုးကိုင်	၂၀၂၅	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၉	ကိုဇော်မင်းအောင်	ခြိုးခြေဆင်းကြိုးကိုင်	၂၀၂၆	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀
၁၀	မောင်ကျော်ဇင်ဦး	ခြိုးခြေဆင်းကြိုးကိုင်	၂၀၂၇	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀

မှတ်ချက် ။ ။ ခြိုးခြေဆင်းကြိုးကိုင်ဝန်ထမ်းများသည် ကြိုးတန်းရှည်ကြီးကို ခြိုးခြေဆင်းခြင်း၊ ပြန်လည်ဆွဲတင်ခြင်းနှင့် ကြိုးတန်းအလယ်ရှိ ကြိုးတိုင်များကို ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ပူးပေါင်းလုပ်ကိုင်ကြသည်။ ကြိုးတန်းရှည်ကြီးကို ခြိုးခြေဆင်းခြင်းသည် အလွန်အန္တရာယ်များသော လုပ်ငန်းတစ်ခုဖြစ်သည်။ ကြိုးတန်းရှည်ကြီးကို ခြိုးခြေဆင်းခြင်းမပြုမီ ကြိုးတန်းအလယ်ရှိ ကြိုးတိုင်များကို ပြုပြင်ထိန်းသိမ်းခြင်းသည် ပိုမိုအန္တရာယ်များသော လုပ်ငန်းတစ်ခုဖြစ်သည်။ ကြိုးတန်းရှည်ကြီးကို ခြိုးခြေဆင်းခြင်းမပြုမီ ကြိုးတန်းအလယ်ရှိ ကြိုးတိုင်များကို ပြုပြင်ထိန်းသိမ်းခြင်းသည် ပိုမိုအန္တရာယ်များသော လုပ်ငန်းတစ်ခုဖြစ်သည်။

ခုတင်အရေအတွက်	လူနာဦးရေ (ယနေ့ည ၈ နာရီ)	လူနာအမည်စာရင်း	စဉ်
၄	၁၁	ကြံ့ခွဲဝဲဂုတ်သည့် နည်းပညာများ တီထွင်ရန် ချီတက်ခြင်း။	၁။
၇	၅၄	ဆိုင်ကယ်တပ်ဖွဲ့၊ အမ်ဘူလင့်စ် ဝန်ဆောင်မှုဌာန (ကုတင်ရေ ၁၀၀) ၊ အသားရေဆွေးမြေးကျောင်း ဆိုင်ရာ သက်ဆိုင်ရာများ လေ့ကျင့်ခြင်း။	၂။
၅	၂၆	မိုင်းကောင်း၊ မိုင်းသင့်များ ရွေးချယ်ခြင်းနှင့် ချီတက်ဆောင်ရွက်ခြင်း။	၃။
၆	၅၃	တိုင်းဒေသကြီး/ပြည်နယ်အဆင့် နည်းပညာသက်သေခံပြိုင်ပွဲ ကျင်းပခြင်း။	၄။
၅	၁၆	တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဒုံးကျည်ဆန့်ကျင်ရေးယာဉ် ပြိုင်ပွဲ ကျင်းပခြင်း။	၅။
၃	၂၆	သတ်ဖြတ်ခံရသူများ၊ ထိုင်းမှိုင်းသူများ၊ ဒဏ်ရာရသူများ ကုသပေးခြင်း။	၆။
၂	၁၅	ခရေပင်မြို့နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများ ချီတက်ဆောင်ရွက်ခြင်း။	၇။
၁	၄	ခရေပင်မြို့နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများ ချီတက်ဆောင်ရွက်ခြင်း။	၈။

ခရေပင်မြို့နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများ ချီတက်ဆောင်ရွက်ခြင်း။ ရက်စွဲ - ၂၈/၃/၂၀၂၃

2023/03/28 10:29



နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၀	၁၁	၃၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၂	၂၃	၃၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၂	၁၇	၃၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၁	၁၆	၃၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁	၁၀	၂၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၁၀	၁၈
စုစုပေါင်း		၉၄	၈၇	၁၈၁
စုစုပေါင်း အိမ်ထောင်စု		**၂၇**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၇) အိမ်ရှိပြီး လူဦးရေပေါင်း (၁၈၁)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက် နို့စို့အရွယ်(၁.၆၄%)၊ ၅နှစ်အောက်ကလေးအရွယ်(၃.၄၉%)၊ မူလတန်းကျောင်းသား အရွယ်(၈.၂၅%)၊ အလယ်တန်းကျောင်းသားအရွယ် (၄.၄၈ %)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၁၀%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ် နိုင်သည့် လူဦးရေသည်တစ်ရွာလုံးရှိ လူဦးရေ၏(၂၁.၄၈%)နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၁၅၁၀) ဦး၊ မ(၁၅၉၃)ဦး စုစုပေါင်း(၃၁၀၃)ဦးရှိပြီး တစ်ရွာလုံးလူဦး ရေ၏ (၇၀.၃၀%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၆) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်း အမြစ်ကောင်းများ အဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈၁	၁၈၀	၀	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၂၁၄	၁၀၄		မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၁၄	၁၁၀		မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၄		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၃		မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၂၈		မြင့် ☐လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၀	၄၈		မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၅	၁၂		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၁၃		မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈	၁၀		မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၁၂		မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၆		မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၁	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၅		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၅		မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင် လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ အိမ်ထောင်စုများပြားပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သော အိမ်ထောင်စု(၂၀)အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ (၁၃)အိမ်ရှိပါသည်။ယဉ်/စက်ကရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ လုပ်ကိုင်သော အိမ်ထောင်စုလည်းအနည်းငယ်ရှိပါသည်။ အခြားအိမ်ထောင်စုများမှာ အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ၊ ပန်းရံလုပ်သားများ၊ ကုမ္ပဏီတွင် လုပ်ကိုင်သူများ၊ ပညာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင်အခွင့် အလမ်းများဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၉၀၀၀	၇၀၀၀	၈၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	၁၀၀၀၀	၇၀၀၀	၉၀၀၀	၆၀၀၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ	နေ့စား	၈၀၀၀	၇၀၀၀	၇၀၀၀	၆၀၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၈၀၀၀	၇၀၀၀	၇၀၀၀	၆၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၇၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၈၀၀၀	၇၀၀၀	၇၀၀၀	၆၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူ ပိုမိုများပြားပါသည်။ တစ်နေ့တွင် အမျိုးသား (၉,၀၀၀)၊ အမျိုးသမီး(၇,၀၀၀)ကျပ် ရရှိပါသည်။ ငါးလုပ်ငန်း(ရေချို/ ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်းလုပ်ငန်းတွင် တစ်နေ့လျှင် အမျိုးသား(၁၀၀၀၀)ကျပ်နှင့် အမျိုးသမီး(၇၀၀၀)ကျပ်ရရှိပါသည် ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းမြစ်များ ထုတ်လုပ်သည့်လုပ်ငန်းများလည်းရှိပါသည် ထုတ်ကုန်လုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၀၀.၅၀	ကောင်း ☐	သင့်	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၈၀.၅	ကောင်း ☐	သင့်	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	၈၀.၅	ကောင်း ☐	သင့်☐	ညံ့
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၆၁.၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က

သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာ၏စိုက်ပျိုးမြေအများစုမှာ လယ်မြေများဖြစ်ပြီး မြေဆီလွှာ အရည်အသွေးညံ့သည့် အခြေအနေတွင်ရှိပါသည်။ စိုက်ပျိုးမြေများသို့ ဆားငန်ရေဝင်ရောက်မှုရှိသည့်အတွက် မြေဆီလွှာပျက်စီးခြင်း များကြုံတွေ့နေရပါသည်။ ပိုးမွှားရောဂါ ကျရောက်မှုရှိသည့်အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေး သင်တန်းများပို့ချပေးရန် လိုအပ်နေပါသည်။ ကွမ်းသီးနှင့် ရာသီစာသီးနှံ (အပင်နှံ)များ၊ ရော်ဘာပင်များကိုလည်း တစ် ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐မရှိ ☒	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐သင့်☐ နည်း ☐ မရှိ ☒	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☒
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☒	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ ထွက်ရှိခြင်းမရှိပါ သဘာဝအပင်မျိုးစိတ်များ၊ ထွက်ရှိခြင်းအနည်းငယ်ရှိပါသည်။ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ ထွက်ရှိခြင်းမရှိသည့် အတွက်အခြားကျေးရွာများမှ ဝယ်ယူနေရပြီး ကျောက်၊သဲ၊ ကျောက်စရစ် စသည့် ထုတ်လုပ်မှုများ အနည်းငယ်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈၀	၅၀၀	၁၀၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၈၀) အိမ်ခန့်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၅၀၀) အိမ်ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေး(သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လှမ်းမှ အထောက်အကူပြု နိုင်ပါလိမ့်မည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၃၂.၄၃%)မှာ မိသားစု စားဝတ်နေရေးအတွက် အခက်အခဲများရှိနေပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၅၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၃၅၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၀၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာသည် စီးပွားရေးအဆင်မပြေသောအိမ်ထောင်စုအရေအတွက် များသေကြောင့်ချေးယူပြီး စားဝတ်နေရေး အခက်အခဲများကိုဖြေရှင်းကြရပါသည်။စီးပွားရေးအဆင်ပြေသည့် အိမ်ထောင်စု အရေအတွက်မှာ အလွန်ပင် နည်းပါးပါသည်။ လုပ်အားခအကြိုယူပြီး မိသားစုပြဿနာများကို ဖြေရှင်းကြပါသည်။ ကျေးရွာသူရွာသားများသည် ရာသီအလိုက် လုပ်ကိုင်စားသောက်ကြသော အိမ်ထောင်စုများသော်လည်း ဝမ်းစာဖူလုံမှုမရှိပါ အများအားဖြင့်တော့ ချေးယူသည့် အိမ်ထောင်စုများ လည်းရှိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၅၀	၆၀	၁၁၈
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၆		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၄၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၆		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို များမှာ ကျား (၅၀)ဦးနှင့် မ(၆၀)ဦးရှိပါသည်။ ဆင်းရဲပြီးမိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၁၆) အိမ်ထောင်ရှိပါသည်။ ထိခိုက်သက်ရောက်မှု အခြေအနေများဖြစ်ပေါ်လာပါက ကျေးရွာပလဟိတအသင်းမှ တတ်နိုင်အားမျှ ကူညီဆောင်ရွက်ပေးပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☒
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာတွင် သဘာဝအရင်းအမြစ် ထွက်ရှိမှုရှားပါးပါသည်။ သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းများ မရှိသော်လည်း သစ်တောပြုန်းတီးခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း အနည်းငယ်ရှိပါသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုယ်ခံအား ကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု အနည်းငယ်ရှိသော်လည်း မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်ရမည့် နည်းလမ်းများကို မသိရှိခြင်းကြောင့် အခက်အခဲအနည်းငယ် ရှိပါသည်။ လူကုန်

ကူးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများမရှိပေ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဘုတ်ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး၊ သဘာဝ အရင်း အမြစ် များရှားပါးသဖြင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများမှာ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အခြေအနေမျိုးတွင် ရှိပါသည်။ ပိန်းတောကျေးရွာမှ ပန်းချီရှောင်ကျေးရွာသို့ သွားသည့်လေဆိပ် မြစ်ကမ်းဘေးတွင် နေထိုင်သည့် အိမ်ထောင်စု အချို့နှင့် ရွှေ့ပြောင်းလုပ်သားများ၊ လက်လုပ်လက်စား ကျပန်းလုပ်သားများ၊ နေရပ်ပြန်အခြေချသူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများမှာ ထိခိုက်သက် ရောက်ခံရနိုင်မှု အနည်းငယ်ရှိနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အမျိုးသား/အမျိုးသမီးအဖွဲ့	၁□ ၂□ ၃□		၃၀	၃၀	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး /နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၂	အုပ်ချုပ်ရေးမှူး	၁□ ၂□ ၃□	၁၅	-	၁၅	ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၃	ပရဟိတအသင်း	၁□ ၂□ ၃□				ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၄	လူငယ်အဖွဲ့	၁□ ၂□ ၃□				ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅	ရပ်မိရပ်ဖအဖွဲ့	၁□ ၂□ ၃□				ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆		၁□ ၂□ ၃□				ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၇		၁□ ၂□ ၃□				ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ဘုတ်ကျေးရွာတွင် ရွာတွင်းရှိအဖွဲ့အစည်းများသည် သူနေရာနှင့် သူစည်းစည်းလုံးလုံးနှင့် စိတ်တူကိုယ်တူ ပူးပေါင်းပါဝင်ဆောင်ရွက် နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဝေါဇွီရှင်	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

